The Strategy First Times

Vol.1., Issue 22

September 5, 2016 | ၁၃၇၈ ခု၊ တော်သလင်းလဆန်း (၄) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် / တစ်ကြိမ်

How to build a business that lasts 100 years

Strategy First Times ရဲ့ Ted Talk ကဏ္ဍမှာ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကို တော့ Google Play Store၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Martin Reeves ရဲ့ How to build a business that lasts 100 years ဆိုတဲ့ ဗီဒီယို ကို ဖော်ပြထားပါတယ်။ နှစ်ကာလများစွာကြာရှည်တည်တဲ့ နိုင်မယ့် ကုမ္ပဏီတစ်ခု၊ လုပ်ငန်းတစ်ခုကိုတည်ဆောက်ချင်တယ်ဆိုရင် လူခန္ဓာကိုယ်ဖွဲ့စည်းပုံကို အနီးစပ်ဆုံးအနေနဲ့ ဥပမာယူလို့ရပါတယ်။

စာ - ၁၃သို့

KPMG မှာ Markets ပိုင်းတာဝန်ယူနေသူတစ်ဦးရဲ့ ဖြတ်သန်းခဲ့တဲ့ ဘဝလှေကားထစ်များ

စာ - ၆သို့

ဘဝအောင်မြင်လိုသူတိုင်း MBA ကို တက်သင့်ပါတယ်ဆိုတဲ့ ကိုကောင်းထက်ဟိန်းနဲ့ တွေ့ဆုံခြင်း

စာ - ၇သို့

Stamford International University

စာ - ၃သို့

Stamford MBA Faculty Highlights

Dr. Andrew D.L Scowen

Doctor of Philosophy (The University of Melbourne)
Master of Business Administration (Royal Melbourne Institute of Technology)
Bachelor of Education (The University of Melbourne)
Bachelor of Theology (Melbourne College of Divinity)
Graduate Diploma Religious Education (Australian Catholic University)
Diploma of Teaching (Australian Catholic University)
စတဲ့ဘွဲ့တွေရရှိထားပြီး Royal Melbourne Institute of Technology (RMIT) (Singapore) မှာလည်း Academic Director အဖြစ်တာဝန်ယူခဲ့ပါတယ်။
Stamford International University ရဲ့ President ဖြစ်ပါတယ်။

Dr. Scott S Roach

Ph.D in Business Administration (Marketing) ကို Louisiana University ကနေရရှိထားတဲအပြင် Northwestern State University မှ MBA နဲ့ Northwestern State University ကနေ BSc. Business Administration, Economics & Psychology တို့ကိုလည်းရရှိထားတဲ့ Dr. Scott ဟာ Stamford International University - MBA Program ရဲ့ Lecturer တစ်ယောက်ဖြစ်ပြီးတော့ Northwestern State University, Louisiana State University, ABAC, Asian University တို့မှာလည် စီးပွားရေးနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေသင်ကြားပို့ချခဲ့သူဖြစ်ပါတယ်။

Dr. Martin Goerlich

Doctor of Business Administration, Master of Business Administration, Master of Arts in International Business Administration ဘွဲ့တို့ကို University of Northumbria (UK) မှရရှိထားပြီး Stamford International University ရဲ့ Graduate School မှ Associate Dean ဖြစ်ပါတယ်။
Newcastle Business School မှာလည်း Senior Lecturer တစ်ယောက် အဖြစ် စီးပွားရေးဘာသာရပ်များကို သင်ကြားခဲ့ပါတယ်။

Dr. Mark Randon

University of Utah, USA
Juris Doctor, Law, (International Business Transactions) University of Colorado, USABS, Business (International Business, Languages Major) တို့ကိုရရှိထားပြီးတော့ Stamford International University (MBA Program) မှာ Global Business Human Resources, Entrepreneurship, Managing Organizations တို့ကိုသင်ကြားနေပြီး တခြား နိုင်ငံတကာတက္ကသိုလ်များ မှာလည်း စီးပွားရေးဘာသာရပ်များကို သင်ကြားပေးနေသူဖြစ်ပါတယ်။

Dr. William P. Wall

Ph.D in International Business Management (Shinawatra International University) M.A in English for International Communication (King Mongkut's University of Technology) ဘွဲ့တို့ကို ရရှိထားပြီး North Bangkok Pratt Institute, School of Architecture, New York University, Fashion Institute of Technology ,New York , Yale University စတဲ့ နိုင်ငံတကာ တက္ကသိုလ်ကြီးတွေမှာ Lecturer အဖြစ် Business Strategies တွေကို သင်ကြားခဲ့ပြီး တခြားနိုင်ငံတကာတက္ကသိုလ်များမှာလည်း စီးပွားရေးဘာသာရပ်များကို သင်ကြားပေးနေသူဖြစ်ပါတယ်။

Stamford International University

SFJ Team

Stamford International University ကို ၁၉၉၅ခုနှစ်ထိုင်းနိုင်ငံ Hua-Hin မြို့မှာစတင်ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံမှာ နိုင်ငံတကာအဆင့်မီ ပညာသင်ကြားရေးကို ပိုမိုလိုလားလာကြတဲ့အတွက် ၂၀၀၉ ခုနှစ်မှာနဲ့ ၂၀၁၅ ခုနှစ်တို့မှာ Bangkok မြို့မှာ ကျောင်းခွဲတွေကို ထပ်မံဖွင့်လှစ်ခဲ့ပါတယ်။

Stamford ဟာ ထိုင်းနိုင်ငံအခြေစိုက် တက္ကသိုလ်များထဲမှာနိုင်ငံခြားသားကျောင်းသား အများဆုံးတက်ရောက်ကြတဲ့တက္ကသိုလ်ဖြစ်ပြီး ကျောင်းသားဦးရေရဲ့ ၃၀ရာခိုင်နှုန်းကနိုင်ငံပေါင်း ၉၀ ကျော်က နိုင်ငံခြားသားများဖြစ်ပါတယ်။

Stamford မှာ သင်ကြားနေတဲ့ ဆရာ၊ ဆရာမတွေနဲ့ ဝန်ထမ်းတွေရဲ့ ၇၀ ရာခိုင်နှုန်းကလည်း USA၊ UK၊ France၊ Germany တို့ကလာရောက်ကြတာတဲ့ပညာရှင်တွေဖြစ်ပါတယ်။

Stamford ဟာ တက္ကသိုလ်ပေါင်း ၈၀ ကျော်ပါဝင်တဲ့ ကမ္ဘာ့အကြီးဆုံး ပညာရေးအဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့ Laureate International Universities ရဲ့အဖွဲ့ဝင် တက္ကသိုလ်တစ်ခုဖြစ်ပါတယ်။ Laureate International Universities အဖွဲ့ဟာ တက္ကသိုလ်ပေါင်း၈၀ကျော်နဲ့နိုင်ငံ ၂၈နိုင်ငံမှာရှိပြီးစုစုပေါင်းကျောင်းသားပေါင်း (၁) သန်းကျော်ကို သင်ကြားပို့ချနေတဲ့ ပညာရေးအဖွဲ့အစည်းဖြစ်ပါတယ်။

Laureate International Universities အဖွဲ့ဝင်တက္ကသိုလ် တစ်ခုဖြစ်တာကြောင့် Stamfordကကျောင်းသားတွေအနေနဲ့တခြားတက္ကသိုလ်တွေနဲ့ ပေါင်းစည်းသင်ကြားခြင်း၊ Dual Degree တက်နိုင်တာတွေအပြင် နိုင်ငံတကာ သင်ကြားရေးအထောက်အကူနဲ့ နည်းပညာအထောက်အပံ့စတဲ့အခွင့်အရေးတွေ ရနိုင်ပါတယ်။

ထိုင်းနိုင်ငံအစိုးရကပေးအပ်တဲ့ Office for National Education Standards and Quality Assessment of Thailand သတ်မှတ်တဲ့အရည်အသွေးအဆင့် သတ်မှတ်ချက်မှာလည်း Stamford International University က အဆင့် (၄) ရရှိထားပါတယ်။

International Assembly for Collegiate Business Education (IACBE) အဖွဲ့ဝင်အဖြစ် ထိုင်းနိုင်ငံမှာ ပထမဦးဆုံး သတ်မှတ်ခြင်းခံရတဲ့ တက္ကသိုလ်ဖြစ်ပြီး IACBE ဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ စီးပွားရေးကောလိပ်နဲ့ တက္ကသိုလ်များကို အသိအမှတ်ပြုစိစစ်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

Stamfordက MBA programme တွေဟာ လက်တွေ့အသုံးချနိုင်ဖို့အတွက်ရေးဆွဲထားတာဖြစ်တာကြောင့် တက်ရောက်သူကျောင်းသားတွေဟာ Business Case Studies တွေကို လက်တွေ့ကိုင်တွယ်ပြီးသင်ကြားရမှာဖြစ်ပါတယ်။ Stamford MBA တွေကို Interactive Learning Industry Linkage နဲ့ International Perspective ဆိုတဲ့ အဓိကအချက်သုံးချက်နဲ့ တည်ဆောက်ထားပါတယ်။ ဒီအခြေခံအချက်သုံးချက်ကိုပေါင်းစပ်ပြီးအောင်မြင်တိုးတက်ဖို့အတွက် ပညာရပ်တွေကို လက်တွေ့အသုံးချနိုင်အောင်သင်ကြားပေးနေတာဖြစ်ပါတယ်။

STRATEGY FIRST မှာ Stamford International University တို့ ပူးပေါင်းဖွင့်လှစ်တဲ့ Stamford Signature MBA Program ကိုလည်းစတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပြီဖြစ်ပါတယ်။

STRATEGY FIRST INSTITUTE မှာ သင်ကြားမယ့် Signature MBA Program မှာ Stamford International University မှာ သင်ကြားမှုပုံစံနဲ့အလားတူသင်ကြားနေတဲ့နိုင်ငံတကာမှ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှ လာရောက်သင်ကြားပေးမှာဖြစ်ပါတယ်။

MBA Program တက်ရောက်ဖို့အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားရမည်ဖြစ်ပြီး လုပ်သက် အနည်းဆုံး (၃) နှစ်ရှိကာ အင်္ဂလိပ်စာကျွမ်းကျင်မှု IELTS result 6.0 ရရှိထားရမှာဖြစ်ပါတယ်။ ဝင်ခွင့်စာမေးပွဲဖြေဆိုဖို့လည်း လိုအပ်ပြီး သင်တန်းချိန်များမှာ ရုံးချိန်လွတ် တစ်ပတ်ခြားစီသောကြာ၊ စနေညနေများနှင့်တနင်္ဂနွေနေ့ မနက် (၉) နာရီမှ (၂) နာရီထိ တက်ရောက်ရမှာဖြစ်ပါတယ်။ ■

AYA Credit Card နှင့်သင်တန်းကြေးပေးသွင်းသော ဝန်ဆောင်မှုအသုံးပြုသော ကျောင်းသား/သူများသို့မေတ္တာရပ်ခံချက်

အားလုံးပဲ မင်္ဂလာပါခင်ဗျာ။

ကျွန်တော်တို့ **STRATEGY FIRST INSTITUTE** မှကျောင်းသား၊ကျောင်းသူများအနေနဲ့သင်တန်းကြေးများကို အဆင်ပြေသက်သာစွာ ပေးသွင်းနိုင်ဖို့ရည်ရွယ်ပြီး AYA Credit Card များဖြင့် ပေးချေနိုင်တဲ့ အစီအစဉ်များနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။

AYA Credit Card နဲ့ သင်တန်းကြေးမှာပေးသွင်းရန် စိတ်ဝင်စားတဲ့ ကျောင်းသား၊ ကျောင်းသူ အရေအတွက်တော်တော်များများ လျှောက်ထားခဲ့ကြပါတယ်။ အချက်အလက်ပြည့်စုံတဲ့ ကျောင်းသားများကတော့ Credit Card များရရှိနေပါပြီ။ တချို့လျှောက်ထားသူများကတော့ အချက်အလက်များ မပြည့်စုံမှုများရှိနေတဲ့အတွက် လျှောက်လွှာကြန့်ကြာမှုများ ရှိနေပါတယ်။ ဒီအတွက်ကြောင့် Credit Card လျှောက်ဖို့ လိုအပ်မယ့် အချက်အလက်များ၊ စာရွက်စာတမ်းများကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။

၁။ လျှောက်ထားသူမှာ Bank Account တစ်ခုရှိရန်လိုအပ်ပါတယ်။ (မရှိ သေးပါက နီးစပ်ရာဘဏ်ခွဲတစ်ခုမှာ Saving Account တစ်ခုအလွယ်တကူလျှောက်ထားနိုင်ပါတယ်)။ နောက်ပြီး လျှောက်ထားသူအတွက် ထောက်ခံပေးမယ့်သူ (Guarantor) တစ်ယောက် လိုအပ်ပါတယ်။ထောက်ခံပေးမယ့်သူမှာလည်းAYA Bank Account ရှိရမှာဖြစ်ပါတယ်။

၂။ Application Form - လျှောက်လွှာပုံစံမှာပါတဲ့ အချက်အလက်များကို အပြည့်အစုံဖြည့်ပေးရန်လိုပါတယ်။

၃။ လျှောက်ထားသူရဲ့ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ထောက်ခံပေးမယ့်သူရဲ့ မှတ်ပုံတင်မိတ္တူ

၄။ လျှောက်ထားသူသည်ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းဖြစ် ကြောင်းထောက်ခံစာ (ရာထူးနှင့် လစာဖော်ပြပေးရန် - Company Letterhead ဖြင့်)၊ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက လုပ်ငန်းရဲ့ဘဏ်စာရင်းရှင်းတမ်း

၅။ လျှောက်ထားသူရဲ့ပတ်စပို့ မှတ်ပုံ (၂) ပုံ

စသည်တို့ လိုအပ်မှာဖြစ်ပါတယ်။ AYA Credit Card ဟာ **STRATEGY FIRST** မှာ သင်တန်းကြေးပေးချေရာ သာမက တခြားကိစ္စရပ်များအတွက်လည်း အသုံးပြုနိုင်တဲ့ ပြည်တွင်းသုံး အကြွေးဝယ်ကတ်ဖြစ်ပါတယ်။

အထက်မှာဖော်ပြပေးခဲ့တဲ့အချက်အလက်များမပြည့်စုံသေးတဲ့လျှောက်လွှာများကိုဘဏ်မှကျောင်းသို့အချက်အလက်မပြည့်စုံတဲ့အတွက် ပြန်လည်ပေးပို့ထားပါတယ်။ **STRATEGY FIRST** ဘက်မှလည်းလိုအပ်တဲ့အချက်အလက်များကို တစ်ယောက်ချင်းဆီကိုဆက်သွယ်ပြီးပြန်လည်စီစဉ်ပေးမှာ ဖြစ်ပါတယ်။ လျှောက်လွှာများမှာ ကြန့်ကြာမှုများစွာ ရှိနေပါသဖြင့် နားလည်ခွင့်လွှတ်ပေးကြဖို့ကိုလည်းအနူးအညွတ်တောင်းပန်အပ်ပါတယ်ခင်ဗျာ။

ဘုန်းမာန်အောင်
(Finance Department)
■

Stamford MBA Student Highlights

စိုးလင်းအောင် @ Steven Chen
Managing Director
(Myanmar Rising Star International Co., Ltd)

ပန်းမိုမိုဖြူ
Deputy General Manager
(Hyundai)

အောင်ကျော်ထက်
Wireless Solution Manager (Huawei)

ဒေါက်တာ ယဉ်နွယ်လိုင်း
Medical officer
(Chan Myae 24hr Specialist Clinic)

ကောင်းထက်ဟိန်း
Food and Beverage Manager
(Pun Hlaing Estate,Yoma Strategic Holding)

သင်းမြတ်စံ
Office Manager (Novartis ,
DKSH-Myanmar .,Ltd)

အိဂျူလိုင်လှမြင့်
Assistant Manager
(KPMG Advisory-Myanmar.,Ltd)

ဖြိုးသော်တာကို

လူဂျီးနို
Secretary (Japan International
Cooperation Agency - JICA)

Stamford MBA Student Highlights



KPMG Advisory Myanmar Ltd မှာ Market ပိုင်းကို တာဝန်ယူဆောင်ရွက်နေသူတစ်ဦးရဲ့ ဖြတ်သန်းခဲ့သော ဘဝလှုပ်ကားထစ်များ

SFJ Team

အရပ်သားအစိုးရရဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ အားကောင်းလာတာနဲ့အမျှ မြန်မာနိုင်ငံမှာ လာရောက်အခြေချလုပ်ကိုင်လိုတဲ့ စီးပွားရေးလုပ်ငန်းတွေပိုမိုများပြားလာခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ချက်အရ လက်ရှိအချိန်အထိ အမေရိကန်အပါအဝင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်းတစ်ထောင်ကျော်နဲ့ ပြည်တွင်းလုပ်ငန်းပေါင်းငါးသောင်းခွဲဝန်းကျင်အထိ ရှိလာနေပါတယ်။

စီးပွားရေးလုပ်ငန်းတွေတိုးလာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း တိုးပွားလာနေပါတယ်။ မြင့်မားတဲ့ရာထူးတွေကို အောင်အောင်မြင်မြင်ထမ်းဆောင်နိုင်ဖို့လူငယ်တွေဘယ်လိုပြင်ဆင်သင့်သလဲဆိုတာတွေနဲ့ ပတ်သက်ပြီး KPMG Advisory (Myanmar) Ltd မှာ Assistant Manager တာဝန်ထမ်းဆောင်နေပြီးလက်ရှိ **Strategy First Institute** မှာ MBA တက်နေတဲ့ မအိဂျူလိုင်လှမြင့်နဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့တာတွေကို ပြန်လည်မျှဝေလိုက်ပါတယ်။

ကမ္ဘာ့အကြီးဆုံး Audit Firm လေးခုထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ KPMG ရဲ့မြန်မာပြည်ရုံးမှာမဂျူလိုင်ဟာ Markets ပိုင်းကိုတာဝန်ယူဆောင်ရွက်နေတာဖြစ်ပါတယ်။မဂျူလိုင်ဟာ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ Bachelor ဘွဲ့နဲ့ Advance Diploma in Business Management (ABE), UK တွေရရှိထားတယ်လို့သိရပါတယ်။ Global Firm တစ်ခုမှာတာဝန်ယူဆောင်ရွက်နေရတာဟာစိတ်ဝင်စားစရာတွေအပြည့်ပဲဖြစ်ပါတယ်။

"အစ်မအလုပ်လုပ်နေတဲ့ Global Audit and Advisory လုပ်ငန်းမျိုး မြန်မာနိုင်ငံကို ဝင်လာတယ်၊ လူတော်တော်များများ ဒီလိုလုပ်ငန်းမျိုးမှာအလုပ်ဝင်ချင်ကြတယ်၊အစ်မအနေနဲ့ နိုင်ငံခြားဘွဲ့တွေ ရတာလည်းမဟုတ်ဘူး၊ ဒီလုပ်ငန်းခွင်မှာ လုပ်ကိုင်နေတဲ့သူတွေ အများစုဟာ နိုင်ငံခြားဘွဲ့ရတွေဖြစ်ပါတယ်။ ဒီလို Global Firm မျိုးက Offer ရတဲ့အခါမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရတစ်ယောက်အနေနဲ့အလွန်ဂုဏ်ယူရပါတယ်။ ရှိခဲ့ပြီးတဲ့လုပ်ငန်းအတွေ့အကြုံတွေကလည်း များစွာအထောက်အကူဖြစ်စေပါတယ်။

အရာရာကိုစူးစမ်းလေ့လာလိုစိတ်၊သင်ယူလိုစိတ်တွေကို အရင်းတည် ကြိုးစားမယ်ဆိုရင် မိမိဘဝတက်လမ်းကို အထောက်အကူပြုနိုင်သလို၊ အလုပ်အကိုင်ကောင်းတွေကိုလည်း ရရှိနိုင်တယ်ဆိုတာကို မဂျူလိုင်ရဲ့အတွေ့အကြုံကနေကောက်ချက်ယူနိုင်မှာလည်းဖြစ်ပါတယ်။

လိုအပ်ချက်တွေကိုတွေ့ပြီး အားငယ်နေတာထက် ကိုယ့်ရဲ့လိုအပ်ချက်ကိုကိုယ်သိပြီး ဘယ်လိုဖြည့်ဆည်းမလဲဆိုတဲ့အဖြေက ပိုလို့အရေးကြီးတယ်ဆိုတာကိုလည်းမဂျူလိုင်ဆီကထပ်ပြီးသိခွင့်ရလိုက်ပါသေးတယ်။ "မိဘတွေက အစိုးရဝန်ထမ်းတွေ၊ အစ်မဆိုလည်း အလုပ်တစ်ဖက်နဲ့ သင်တန်းတက်ရင်း ကိုယ်လိုချင်တဲ့ဘဝကို ကြိုးစားတည်ဆောက်လာတာ။ ပညာရေးစနစ်အားနည်းတယ်ဆိုပြီး အပြစ်တင်နေမယ့်အစား ကိုယ့်ဘက်ကအတတ်နိုင်ဆုံးကြိုးစားလေ့လာမယ်ဆိုရင် ကိုယ်လိုချင်တဲ့ဘဝကို တည်ဆောက်နိုင်မယ်" လို့ ပြောပါတယ်။

ကျောင်းပြီးပြီးချင်းအလှကုန်ပစ္စည်းကုမ္ပဏီတစ်ခုမှာ Public Relations အလုပ်ကို (၂) နှစ်ကြာအောင်လုပ်ကိုင်ခဲ့ပြီးနောက် ပြည်တွင်း Trading Company တစ်ခုမှာ Government Relations ပိုင်းကိုတာဝန်ယူခဲ့ရတယ်။ကုမ္ပဏီတာဝန်ရှိသူအဖြစ် အစိုးရ Projects တွေနဲ့ လုပ်ငန်းကြားမှာ ဆက်စပ်ပေးတဲ့တာဝန်ကို အဓိကထမ်းဆောင်ခဲ့ရပါတယ်။ ထို့နောက် ဂျာမန် - မြန်မာ အကျိုးတူပူးပေါင်းလုပ်ကိုင်တဲ့ကုမ္ပဏီတစ်ခုမှာ Admin, HR, Marketing and Business Development ပိုင်းတွေကို မျှဝေတာဝန်ယူဆောင်ရွက်ခဲ့ရပြီး ယင်းအတွေ့အကြုံတွေကသူ့လက်ရှိလုပ်ကိုင်နေတဲ့ KPMG လုပ်ငန်းအပေါ်မှာ များစွာအကျိုးပြုလာခဲ့တယ်လို့ဆိုပါတယ်။

ရည်မှန်းချက်ကြီးသူတွေအတွက်လုပ်ငန်းအတွေ့အကြုံတွေက အလုပ်အကိုင်ကောင်းရရှိရေး အထောက်အပံ့ဖြစ်တယ်ဆိုတာ သိနေပေမယ့် နိုင်ငံတကာနဲ့ရင်ပေါင်တန်း ယှဉ်ပြိုင်လာချိန်မှာ ပညာရေးဟာလည်း အလွန်အရေးပါတယ်ဆိုတာ ပိုမိုနားလည်လာခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားဒီပလိုမာတွေ လေ့လာသင်ယူဖြစ်ခဲ့တယ်။ နောက်တစ်ခုက နိုင်ငံခြားဘာသာစကားတစ်ခုခုကို ပိုင်နိုင်စွာတတ်ထားခြင်းကလည်း အလုပ်အကိုင်ကောင်းရရှိရေးမှာ များစွာအထောက်အကူဖြစ်စေပါတယ်။

လူငယ်တွေအနေနဲ့လည်းကိုယ်ရဲ့ဘဝလမ်းကြောင်းကို လျော်ကန်လှမ်းရာမှာ လိုအပ်နေတဲ့ အရည်အချင်းတွေကိုမြှင့်တင်ဖို့ကြိုးစားလေ့လာလိုစိတ်ကြီးမားဖို့လိုပြီးလက်လှမ်းမီတဲ့သင်တန်းတွေ၊ ဟောပြောပွဲတွေကိုတက်ရင်း အကောင်းဆုံးအသုံးချသင့်တယ်လို့လည်း သူရဲ့အတွေ့အကြုံကို အခြေခံပြီး အကြံပြုပါတယ်။"ဈေးကြီးကြီးသင်တန်းတွေတက်နိုင်မှ နေရာကောင်းတွေ၊ အလုပ်အကိုင်ကောင်းတွေ ရမယ်ဆိုပြီး မမှတ်စေချင်ပါဘူး။ အစ်မဆို လည်း နိုင်ငံခြားကဘွဲ့ရတာမဟုတ်ပေမယ့် ကိုယ်တတ်နိုင်တဲ့အပိုင်းကနေတတ်နိုင်သလောက်လေ့လာတယ်၊ သင်ယူတယ်၊ ကိုယ်လုပ်ခဲ့ဖူးတဲ့ အလုပ်အတွေ့အကြုံတွေကနေ သင်ယူလုပ်ကိုင်ရင်းနဲ့ ကြိုးစားခဲ့ရတာပါပဲ"လို့ပြောပါတယ်။

ဘဝအောင်မြင်ရေးကိုတက်လှမ်းရာမှာ ကိုယ်တိုင်ကြိုးစားအားထုတ်မှုလိုသလိုပတ်ဝန်းကျင်ကိုလေ့လာစူးစမ်းလိုစိတ်ပြင်းပြဖို့လိုတယ်လို့လည်း မဂျူလိုင်ထံကသိရပါတယ်။ လက်ရှိကိုယ်လုပ်နေတဲ့ အလုပ်အကိုင်အကြောင်းကိုသော်လည်းကောင်း၊ သွားလာရာမှာပဲဖြစ်ဖြစ် ကိုယ်ရောက်နေတဲ့နေရာမှာ ဖြစ်နေတဲ့အရာတွေကိုအလေးထားလေ့လားခြင်းအားဖြင့်လည်း အသုံးဝင်နိုင်တဲ့ ဗဟုသုတတွေ၊ အကြောင်းအရာတွေအများကြီး ရရှိနိုင်တယ်လို့ ပြောပါတယ်။ဒဲ့့အပြင်အောင်မြင်ရေးသော့ချက်အဖြစ် လူမှုပေါင်းသင်းဆက်ဆံရေးကြွယ်ဝမှုကလည်း လူတစ်ယောက်ရဲ့ဘဝတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်တယ်လို့ ဆိုပါတယ်။

မဂျူလိုင်က "အစ်မဆိုရောက်တဲ့နေရာမှာ လူအများနဲ့စကားပြောနိုင်အောင်ကြိုးစားတယ်၊ စကားပြောရင်းတစ်ဖက်လူရဲ့အတွေ့အကြုံတွေကိုလည်းသိနိုင်တယ်၊နိုင်ငံခြားသားတွေနဲ့ကော တခြားလူကြီးတွေနဲ့ကော ပုံမှန်စကားပြောဖြစ်အောင်ကြိုးစားတယ်။ တစ်ခါတလေ ကိုယ်က အတွေ့အကြုံနည်းလို့ အမှားပြောမိရင်တောင် သူတို့က ကိုယ့်ကို ပြန်သင်ပေးတာတွေရှိတယ်။ ဒါတွေကိုပြန်လည်ပြုပြင်ရင်း၊ သင်ယူရင်းကိုယ့်ရဲ့Network ကိုလည်း ချဲ့ထွင်ရတယ်"လို့ ပြောပါတယ်။

စီးပွားရေးလုပ်ငန်းကဏ္ဍအတွင်း ကျင်လည်သူတွေအဖို့ ကိုယ်ရဲ့ Network ကျယ်နိုင်သလောက်ကိုယ်ရဲ့လုပ်ငန်းနဲ့ဘဝကို များစွာအထောက်အကူပြုနိုင်တယ်လို့ ပြောပါတယ်။ သူရဲ့အတွေ့အကြုံအပေါ် "အစ်မ ဒီကုမ္ပဏီမှာ အလုပ်ဝင်ဖြစ်ခဲ့တုန်းကဆိုရင်ကုမ္ပဏီက Linked In ကနေ အစ်မ Profile ကိုတွေ့ပြီး ကမ်းလှမ်းခဲ့တာ" လို့ပြောပါတယ်။

ထိုကဲ့သို့ စီးပွားရေးအသိုင်းအဝိုင်းမှာ ကျင်လည်သူတွေအတွက် Business Network အရေးကြီးတာကြောင့် လက်ရှိသင်တန်းတွေတက်နေရင်းနဲ့လည်း ကိုယ့်ရဲ့အသိုင်းအဝိုင်းကို ချဲ့ထွင်နေဆဲလို့ပြောပါတယ်။ မဂျူလိုင်အနေနဲ့ လက်ရှိ Global Firm မှာလုပ်နေပေမယ့်လည်း ကိုယ်ရဲ့ Interpersonal Skill ပိုမိုကောင်းမွန်လာဖို့ကြိုးစားနေဆဲဖြစ်ပြီးလက်ရှိမှာ MBA တက်ဖြစ်တဲ့ ရည်ရွယ်ချက်ကို ပြောဆိုပါသေးတယ်။

"အစ်မ တခြား ဒီပလိုမာသင်တန်းတွေလည်းတက်ခဲ့တယ်၊ CIM သင်တန်းတွေလည်းတက်ခဲ့သေးတယ်၊လက်ရှိလုပ်ငန်းအတွေ့အကြုံတွေလည်း အတော်လေးရလာပေမယ့်လည်း ကိုယ့်အနာဂတ်လမ်းကြောင်းအတွက်ဒီမှာ MBA ကိုထပ်တက်ဖြစ်တာ၊ အခု MBA ကအချိန်ပိုင်းသင်တန်းလည်းဖြစ်တယ်ဆိုတော့ အစ်မတို့လိုအလုပ်ရှိတဲ့သူတွေအတွက်အဆင်ပြေတယ်၊ ဆရာဦးအောင်ချစ်ခင်နဲ့လည်းသိလာတာကြာပြီဆိုတော့ ဆရာ့အပေါ်မှာယုံကြည်မှုရှိတာလည်းပါပါတယ်"လို့ ဆိုပါတယ်။

မအိဂျူလိုင်လှမြင့်အနေနဲ့အလုပ်တစ်ဖက်နဲ့ MBA ကြားမှာ အကောင်းဆုံးသော အတွေ့အကြုံတွေကို သင်ယူနေသလို နောက်မျိုးဆက်သစ်တွေကိုလည်း အချိန်ရခိုက် ပညာကိုတန်ဖိုးထားသင်ယူဖို့၊စာများများဖတ်ဖို့နဲ့ကိုယ့်ရဲ့အသိုင်းအဝိုင်းကို ပိုမိုချဲ့ထွင်ဖို့၊ နေ့စဉ်လူမှုဘဝ ဖြစ်စဉ်တွေကနေ ဘဝအတွက်အကျိုးရှိမယ့် သင်ခန်းစာတွေကိုစူးစမ်းမှုအပြည့်နဲ့သင်ယူရင်းအနာဂတ်အခွင့်အလမ်းတွေအတွက်ကြိုတင်ပြင်ဆင်သွားဖို့ သူ့ဘဝအတွေ့အကြုံတွေအပေါ် အခြေခံပြီး တိုက်တွန်းပြောဆိုသွားပါတယ်။

■

ဘဝအောင်မြင်လိုသူတိုင်း MBA ကို တက်သင့်ပါတယ်၊ ပညာရေးဆိုတာ ကျွန်တော်တို့ရဲ့ အနာဂတ်ပါလို့ဆိုတဲ့ ကိုကောင်းထက်ဟိန်းနဲ့တွေ့ဆုံခြင်း

SFJ Team

ယခုတစ်ပတ်ရဲ့ The Strategy First Times အနေနဲ့ MBA မဟာဘွဲ့သင်တန်းတက်ရောက်နေတဲ့ ကျောင်းသား/ကျောင်းသူတွေရဲ့ MBA သင်တန်းတက်ရောက်ဖြစ်ပုံတွေ သင်တန်းတက်ဖို့ပြင်ဆင်ထားခဲ့တာတွေ၊ အလုပ်အကိုင်အခြေအနေတွေ လက်ရှိသင်တန်းတက်ရောက်ရာမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်ချက်တွေ၊ အလုပ်တာဝန်တွေနဲ့ သင်တန်းချိန်ကြားမှာ ဟန်ချက်ညီညီနဲ့ကြိုးစားနေမှုတွေ၊ ဘဝအနာဂတ်၊ ဘဝမျှော်မှန်းချက်တွေကို သိရှိနိုင်ဖို့ အင်တာဗျူးတွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

မေး။ ။ အစ်ကို့ရဲ့ အလုပ်အကြောင်းလေးပြောပါဦး။

ဖြေ။ ။ ကျွန်တော်က Food and Beverage Managerရာထူးနဲ့(PunHlaingEstate,Yoma Strategic Holding) မှာ အလုပ်လုပ်နေပါတယ်။ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာထဲမှာလည်း စားသောက်ဆိုင်ရှိတယ်၊ ဂေါက်ကွင်းကြီးထဲမှာလည်း စားသောက်ဆိုင်ရှိတယ်၊ Country Club လို့ခေါ်တဲ့ Member Club တွေလည်း ရှိတယ်ပေါ့။ရေကူးကန်တို့၊တန်းနစ်ကွင်းတို့၊Spa တို့ အဲလို Facility တွေပါဝင်ပြီး အဖွဲ့ဝင်တွေကို ဧည့်ခံတဲ့အပိုင်းတွေပေါ့။ အိမ်ရာထဲမှာ နေထိုင်သူတွေက သူတို့အိမ်တွေမှာ ပါတီပွဲတွေလုပ်တာ၊ မွေးနေ့ပွဲတွေ၊ လုပ်ငန်းတွေဆိုလည်း အစည်းအဝေးပွဲတွေလုပ်တာ ထုတ်ကုန်မိတ်ဆက်တာနဲ့ တခြားအခမ်းအနားတွေလုပ်လို့ ဧည့်ခံတဲ့နေရာမှာလည်း ကျွန်တော်က တာဝန်ယူ လုပ်ကိုင်ပေးရပါတယ်၊ ဝန်ထမ်းလေ့ကျင့်ပေးရေးတွေနဲ့ တခြားကျွေးမွေးဧည့်ခံတာတွေကို တာဝန်ယူပါတယ်။

မေး။ ။ MBA တက်ဖြစ်တဲ့ ရည်ရွယ်ချက်လေးပြောပေးပါဦး။

ဖြေ။ ။ ကျွန်တော်က မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်လောက်မှပြန်ရောက်ဖြစ်တာ။အဲဒီမတိုင်ခင် ၁၀ နှစ်လောက်က UAE နိုင်ငံက ဟိုတယ်ကြီးတွေမှာ အလုပ်လုပ်ခဲ့ပါတယ်။ အခုမြန်မာနိုင်ငံမှာလည်းအခြေအနေတွေလည်းပြောင်းလဲလာပြီ၊ အခွင့်အလမ်းတွေလည်း ပေါ်လာပြီဆိုတော့ ကိုယ့်နိုင်ငံမှာပြန်ပြီး အခြေချဖို့စဉ်းစားတယ်၊ အခုဒီပန်းလှိုင်မှာ အလုပ်လုပ်ဖြစ်တယ်ပေါ့၊ အလုပ်လုပ်တဲ့နေရာမှာကိုယ်ရဲ့ပါလာတဲ့အတွေ့အကြုံတွေကြောင့် အဆင်ပြေပါတယ်။ ဒါပေမဲ့ ပိုပြီး နိုင်ငံတကာနဲ့အဆင်ပြေနိုင်ဖို့ ရလာတဲ့ အခွင့်အလမ်းတွေမှာလည်း သူများနဲ့ရင်ပေါင်တန်းနိုင်ဖို့ နိုင်ငံတကာအဆင့်မီတဲ့ ပညာရပ်တစ်ခုလိုတယ်လို့ယူဆလို့ MBA ကိုတက်ဖြစ်တာပါ။

မေး။ ။ Stamford ကိုရွေးချယ်ဖြစ်တဲ့ အကြောင်းလေးပြောပါဦး။

ဖြေ။ ။ ဒီ MBA စပြီးမတက်ခင်မှာ ရန်ကုန်မြို့မှာ နာမည်ရှိတဲ့ MBA သင်တဲ့တခြားသင်တန်းတွေကို လိုက်စုံစမ်းခဲ့ပါတယ်။ သင်ကြားပို့ချပုံသင်ရိုးညွှန်းတမ်းတွေ ဆရာတွေရဲ့ပရိုဖိုင်တွေ ကျောင်းတွေရဲ့ဝန်ဆောင်မှုအပိုင်းတွေ သင်တန်းခတွေအားလုံး အစစအရာရာကြည့်ပြီးမှ ရွေးချယ်ခဲ့တာပါ။ များသောအားဖြင့် သင်တဲ့သင်ရိုးပိုင်းတွေက သိပ်မကွာပေမယ့် သင်ကြားပေးတဲ့ဆရာတွေရဲ့ သင်ကြားပုံတွေကြည့်ရင် Stamford က အရမ်းကို အားရဖို့ကောင်းပါတယ်။ အတွေ့အကြုံရှိတယ်၊ စီးပွားရေးနယ်ပယ်မှာလည်း အောင်မြင်ပြီးသားလူတွေလည်းဖြစ်တဲ့အတွက် ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

မေး။။ MBA နဲ့ပတ်သက်ပြီးပဲဖြစ်ဖြစ် ကျောင်းနဲ့ပတ်သက်ပြီးပဲဖြစ်ဖြစ် မတက်ခင်မှာရှိခဲ့တဲ့ အစ်ကိုရဲ့မျှော်လင့်ချက်နဲ့ အခုတက်နေတဲ့ အချိန်မှာ ကျေနပ်မှုရှိရဲ့လား။

ဖြေ။ ။ မတက်ခင်တုန်းက ယေဘုယျအနေနဲ့ ကျွန်တော် မျှော်လင့်ခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။ တချို့ရယူတဲ့အပိုင်းမှာတော့ မျှော်မှန်းထားတာနဲ့ အနည်းငယ်ကွဲလွဲမှုတွေ ရှိနေပေမယ့် သင်ကြားရတဲ့အပိုင်းအနေနဲ့ပြောရရင် ဆရာတွေရဲ့အတွေ့အကြုံနဲ့ သင်ကြားပေးမှုတွေက ကျေနပ်မှုရှိပါတယ်။

မေး။ ။ နိုင်ငံတကာချိတ်ဆက်ထားတဲ့ ပြည်တွင်းကျောင်းတွေမှာ MBA တက်တာနဲ့ နိုင်ငံတကာတက္ကသိုလ် တွေအထိသွားပြီး MBA တက်တာကြားမှာ အစ်ကိုတို့အနေနဲ့ ဘယ်လိုခံစားချက်တွေရှိလဲ။

ဖြေ။ ။ ကျွန်တော်ရဲ့ပုဂ္ဂိုလ်ရေးအမြင်နဲ့ပြောရရင် အခုလို ကိုယ့်နိုင်ငံမှာပဲ အိုးမကွာအိမ်မကွာနဲ့ အလုပ်လည်းလုပ်ရင်းနဲ့ တက်လို့ရတဲ့ပြည်တွင်းက MBA တွေကတော့ ပိုပြီးကောင်းတယ်လို့ မြင်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ အရွယ်တွေက ဆယ်ကျော်သက်တွေမဟုတ်တော့ ဘူးဆိုတော့ကျောင်းပညာရေးကိုပဲအချိန်ပေးပြီး လုပ်မယ်ဆိုရင်အလုပ်အကိုင်ပိုင်းမှာလစ်ဟာမှုတွေရှိသွားမယ်လို့ထင်မိတယ်။ဒါကြောင့်အလုပ်လုပ်ရင်းနဲ့ ဒီလိုနိုင်ငံတကာအဆင့်မီပညာတွေကို သင်ကြားခွင့်ရတာက ပိုပြီးကောင်းမွန်တယ်လို့ မြင်ပါတယ်။ ကျွန်တော်ရဲ့ CV ကိုကြည့်လိုက်ရင်ဒီခုနှစ်တွေမှာအလုပ်တောက်လျှောက်လုပ်နေတာမျိုးကို တွေ့ရမှာဖြစ်ပါတယ်။ ဒါမျိုးအတန်းတွေလာပြီးသင်ပေးတာ အရမ်းကို သဘောကျပါတယ်။

မေး။ ။ MBA တက်ဖို့ ဘာတွေပြင်ဆင်ခဲ့ပါသလဲ။

ဖြေ။ ။ ကျွန်တော်နိုင်ငံခြားမှာ နေတုန်းကလည်း ဒီပလိုမာအတန်းတွေ တက်ခဲ့ပါသေးတယ်။ တခြားလက်မှတ်ရသင်တန်းတွေလည်း သင်ခဲ့ပါသေးတယ်။ ဒါကြောင့် နိုင်ငံခြားဆရာတွေရဲ့သင်ပုံသင်နည်းတွေက ကျွန်တော့်အတွက် ရင်းနှီးမှုရှိပြီးသားပါ။ ဆရာတွေရဲ့တင်ပြမှုတွေနဲ့ ကျောင်းသားတွေဆီကတွေးခေါ်ပြီး လုပ်တဲ့အရာမျိုးတွေကို သူတို့တွေက အားပေးတာတွေက ရင်းနှီးပြီးသားဆိုတော့ ထွေထွေထူးထူးပြင်ဆင်တာမျိုးမရှိခဲ့ဘဲ ကျောင်းအပ်တဲ့အခါမှာတော့ MBA တက်ဖို့ ဘာသာစကားစစ်ဆေးခဲ့တာလည်း အားလုံးအဆင်ပြေကျော် ဖြတ်နိုင်ခဲ့ပါတယ်။ ကျွန်တော် တက်ခဲ့တဲ့သင်တန်းတွေ အားလုံးကို အလုပ်ကိုအကျိုးပြုမယ့်အရာတွေကိုသာ အသေချာရွေးချယ်ပြီး တက်ခဲ့ပါတယ်။ ဘွဲ့ကတော့ ဒုတိယတန်းသိုလ်ကနေ E- major နဲ့ ၂၀၀၄ လောက်မှာပြီးခဲ့ပါတယ်။

မေး။ ။ ဆရာတွေရဲ့သင်ကြားပေးမှုနဲ့ ကျောင်းသားတွေရဲ့သင်ယူနိုင်မှုကြားကွာဟချက်တွေရှိနေလား။

ဖြေ။ ။ ဆရာတွေရဲ့အခုဒီမှာဖြစ်နေတဲ့ ဖြစ်ရပ်တွေနဲ့အညီ သင်ကြားပေးမှုတွေက အရမ်းကြီးတော့အခက်အခဲမရှိပါဘူး။ကျွန်တော်နိုင်ငံခြားမှာနေစဉ် ဒီကသတင်းတွေ မပျက်ရအောင် လေ့လာခဲ့တဲ့အတွက် ဆရာတွေရဲ့သင်ကြားပေးမှုတွေက အဆင်ပြေပါတယ်။ ဒါပေမဲ့ MBA မှာလုပ်ခိုင်းတဲ့ Assignment Homework တွေက တကယ်ထဲထဲဝင်ဝင် လုပ်ခိုင်းတာဖြစ်တဲ့အတွက် အပေါ်ယံသိရုံနဲ့တော့ အဆင်မပြေနိုင်တော့ အချိန်တစ်ခုပေးပြီး အထူးအထွေအသေအချာလုပ်မှတော့ ရပါတယ်။

မေး။ ။ MBA ပြီးရင် ဘာတွေလုပ်ဖို့အစီအစဉ်တွေရှိလဲ။

ဖြေ။ ။ အခုကျွန်တော်တို့သင်နေရတဲ့ MBA မှာကိုက လက်ရှိကိုယ်ကဘယ်နေရာမှာရှိနေပြီး အနာဂတ်ကိုကိုယ်ဘယ်ကိုသွားမလဲဆိုတာသိနိုင်တဲ့ အစီအစဉ်တွေပါပါတယ်။ Personal Professional Development Plan (PPDP) ဆိုပြီးရှိပါတယ်။ ကျွန်တော်ကတော့ MBA ပြီးသွားရင်လည်း ပညာရေးပိုင်းနဲ့ပတ်သက်ပြီး ရပ်တန့်ဖို့မရှိပါဘူး။ကျွန်တော့်ဘဝအတွက်လိုအပ်တဲ့ပညာတွေကို ဆက်ပြီးသင်သွားဖို့ရှိနေပါတယ်။CIM သင်တန်းတွေလည်းဆက်ပြီးတက်ဖို့မှန်းထားပါသေးတယ်။ လုပ်ငန်းပိုင်းမှာတော့ သိပ်ပြီးအပြောင်းအလဲလုပ်ဖို့ အစီအစဉ် မရှိသေးပေမယ့် MBA ပြီးရင်တော့ ကျွန်တော့် အထက်ကလူတွေကိုတင်ပြပြီး သင့်လျော်တဲ့နေရာအပြောင်းအရွှေ့လုပ်ဖို့တင်ပြဖို့ရှိပါတယ်။

မေး။ ။ လက်ရှိအလုပ်နဲ့ သင်တန်းကြားမှာ ဘယ်လိုအတားအဆီးတွေရှိနေလဲ။

ဖြေ။ ။ MBA ဆိုတော့ ထိုက်သင့်တဲ့ ကြိုးစားအားထုတ်မှုတွေတော့လုပ်ရတော့ အနားယူချိန်တွေတော့ လျော့ချရတာပေါ့။ သင်တန်းချိန်ကတော့ အလုပ်ချိန်နဲ့လွတ်တဲ့အတွက် အဆင်ပြေပါတယ်။ ဒါပေမဲ့လည်း ဘဝအနာဂတ်အတွက် ကြိုတင်ပြင်ဆင်တာပဲဆိုပြီး ခံယူထားတဲ့အတွက် သိပ်ပြီးအခက်အခဲမရှိပါဘူး။

မေး။ ။ MBA တက်ဖို့ ပြင်နေသူတွေအနေနဲ့လည်း ဘာတွေပြင်ဆင်ထားသင့်သလဲ။

ဖြေ။ ။ MBA တက်ရင်းနဲ့ ဘာတွေမြင်လာသလဲဆိုတော့ သူက ပညာရပ်တွေကို စနစ်တကျအသုံးချနိုင်အောင် ပြန်ပြီးစုစည်းပေးလိုက်တဲ့အနေအထားပဲလို့ သုံးသပ်မိတယ်။ တချို့အရာတွေကကျွန်တော်သိသလို၊မသိသလိုနဲ့မသေချာမရေရာသလိုဖြစ်တော့ MBA သင်မယ့်သူတွေ

စာမျက်နှာ - ၉ သို့

အတွေ့အကြုံကောင်းတွေရခဲ့တဲ့ Stamford Signature MBA ဘန်ကောက်လေ့လာရေးခရီးစဉ်

Strategy First rS Stamford Signature MBA (Batch-1) ukwuf&muf aewhaumifom;^olrm;[m Study Tour taeeY(3)&ufwmc&Dwbefaumufrd S om;a&muf avhvmchuyw,fausmifom; rm;eYq&mOD atmifcpfifwkYm&efukf avqydkuae (13.8.2016) reuf6;20 rS pwifxufcmchuyD(8;45) rSa&muf&S cyw,fyDvhcrSawmlavqydkuae ausmifom;ausmifolaw[mwnfckd,h Somerset Hotel ukwkufcmchuyw,f Hotel uae11;30 avmufrS Stamford International University ukd om;a&muf avhvmzkwkufcmjzpfchuyw,f/ Stamford International University &ukwkEkdifh&S wh campus rm;teuf Asoke Campus ukd t&ifqkd om;a&mufzpfchuyw,f

a&mufwhcrSawmhpDom;a&;ynm &Sdwp0ifzpfwh Dr. Jean Marc eYwl "AEC Opportunities and Challenges" acsif p0fYWorkshop wpfckkwdkvkyfcyw,f yDvhcrS Stamford &Uasoke Campus wn&Sd&Exchange Tower rSyaeYvnfpm pm;chuyw,faeYvnfpmpm;lyDvmeY Workshop wpfckkwefvnfwuf a&muf cyw,f Dr. Ulrike Guelich a[majymwh "Finding the GEMs" (GEM - Global Entrepreneurship Monitor Thailand) qkwacifp0ifzpfyDnae(4;00) rSqkd owfcyw,f

lyDvhcrSawmlaumifom;/olrm; u[kw,fukwefvnftem;,luyw,f naerSawmhs Stamford rSvm0e&Sdrm; u Central World rS&Sdvh 1881 by Water Library" qkwpm;aomufqkdrSaumif om;/olrm;ukd Welcome Dinner {nfcH au;ar;cyw,f14&ufaemS Bangkok 360" qkwacifp0ifeY Bangkokvangaurds Tour uaeYumifom;/olrm;ukd Group (3)ckU Bangkok rS&Sdvh½kwfvhraw &bDm;a&;vkyfiefae&mawmf Sikh bmom 0ifaw&U Temple 0wfjyaumifawmfwjcm; Akdbmombkfuaumifawukdrmfawmf bkwfajcvsifc&DYkdifyHkqmifay;um avhvmchuyw,f

(15.8.2016) rSqkdifzifneufykdrS Stamford Campus (3)ckuwpfckzpfwh Rama 9 Campus ukdom;a&mufavh vmcyw,fyDvhcrSawmhvwfpwf eYwjcm;vlokkwfypönf xkwfvkyfwh Malaplast Production Company ukd taeeYvnftawU uawmfaumifaw&&Sd om;a&mufavhvmchuyw,fukdÓPDUuyw,f Managing Director jzpfwh Mr. Indran Venga uae Production Process aw

a0,H

talumifukwkdifv&Sdyay;cyfawmh xkwfvkd&;tykdifukdepfwuavhvmcifh &&Sdyw,f

avhvmyDvhcrSawmhs **Strategy First** &U Stamford Signature MBA (Batch-1) aumifom;/olawtzkd&D p0fyDqkdifhyD&efukdifwkdyefchuyw,f c&Dp0fwpfavmufvkdS **Strategy First** &U aumiftkyfzpfwhDatmifcpfifeY Stamford Lecturer jzpfwh Dr. Martin eY Hans Michael Guelich wkdifaevkdifyuhaD; chuyfawmlaumifom;^aumifolaw chuyfawmlaumifaw&&Sdh

Strategy First Institute

တိုးတက်လာမယ့် အနာဂတ်အတွက် သင် အဆင်သင့်ဖြစ်ပြီလား?

ICM
The Institute of Commercial Management

အချိန်ရှားပါးပြီး မိမိကျွမ်းကျင်လိုသော ပညာရပ် တစ်ခုချင်းကို အာရုံစိုက်
လေ့လာလိုသော လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အရာရှိများအတွက်
နှစ်သက်ရာရွေးချယ်တက်ရောက်နိုင်သော (၆) လ သင်တန်းများ

Single Subject Management Diplomas

Qualifications from the Institute of Commercial Management, UK

Kyaw Naing Oo, Supervisor (Soung Thazin Natroi USA Co., Ltd) | Han Su Yin, MD (Siam Thai Restaurant) | Dr. Myat Aung Kyaw, Medical Coordinator (Bangkok Hosoital Office, Myanmar)
Pan Ei Phyu, Business Development Executive (Kandawgyi Palace Hotel) | Aung Ko Htet, Store & Procurement Manager (Vivablast Myanmar) | Su Pyae Wai, HR (MPT-KSGM) | Khin Sandar Htwe, PA (Kandawgyi Palace Hotel)

1 Marketing Management | Saturday - 6:00 to 8:30 pm + Sunday – 8:30 to 11:30 am
2 Advertising | Monday - 6:00 pm to 8:30 pm
3 Public Relations | Friday - 6:00 pm to 8:30 pm
4 Sales & Sales Management | Tuesday - 6:00 pm to 8:30 pm
5 Business Mgt & Administration | (Session-1) Wednesday 6:00 pm to 8:30 pm | (Session-2) Saturday- 6:00 pm to 8:30 pm | (Session-3) Sunday- 6:00 pm to 8:30 pm
6 Financial Management | Sunday - 10:30 am to 1:00 pm
7 HR Management | (Session-1) Monday - 6:00 pm to 8:30 pm (Session-2) Sunday - 6:00 pm to 8:30 pm
8 Project Management | Thursday - 6:00 pm to 8:30 pm
09 Logistics & Supply Chain Mgt | Tuesday - 6:00 pm to 8:30 pm
10 Management of Travel & Tourism Operations | Sunday - 3:00 pm to 5:30 pm
11 Marketing Research | Thursday - 6:00 pm to 8:30 pm
12 Quantitative Methods for Managers | Saturday - 6:00 pm to 8:30 pm
13 Int'l Business Communications | Sunday - 6:00 pm to 8:30 pm
14 Hospitality Management | Saturday - 6:00 to 8:30 pm
15 Managing for Service Excellence | Thursday - 6:00 to 8:30 pm

September Intake
တန်းခွဲသစ်များ
စက်တင်ဘာ (၁၉) ရက်နေ့စမည်၊

Marketing Management သင်တန်းကြေး : 450,000 kyats | Managing for Service Excellence သင်တန်းကြေး : 230,000 kyats အခြားတစ်ဘာသာချင်း သင်တန်းကြေး : 420,000 kyats for each module | ICM Registration + Exam Fees - 105 USD

စာမေးပွဲ ဖြေဆိုအောင်မြင်ပါက ဘာသာရပ်အလိုက် Single Subject Diploma များရရှိနိုင်ပါသည်၊

Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

CALL NOW: (09) 250 7171 66 ~ 68

ငွေလဲဈေး



ရွှေဈေး



စာမျက်နှာ - ၇ မှ အဆက်

အနေနဲ့လည်း ဘယ်အရာကိုမဆို စနစ်တကျနဲ့ အသေအချာသိအောင်လေ့လာထားမယ်၊ အရင်ကိုယ်သင်ထားတဲ့ သင်တန်းတွေအလုပ်အတွေ့အကြုံတွေကလည်း အထောက်အကူ ပြုနိုင်ပါတယ်။ နောက်ပြီး ပညာရပ်တွေဆိုတာ သင်တန်းပြီးရင်လည်း အမြဲတမ်းနွေးနေမယ်ဆိုရင် သံချေးမတက်နိုင်တာကြောင့် ပြန်ပြီးလေ့လာသင့်တယ်လို့ မြင်ပါတယ်။

မေး။ ။ MBA ကို ဘယ်လိုလူတွေ တက်သင့်သလဲ။

ဖြေ။ ။ MBA ကိုတော့ ဘဝမှာအောင်မြင်လိုပြီး ရည်မှန်းချက်ကြီးသူတိုင်း တက်သင့်တာပါ။ ကျွန်တော်တို့နိုင်ငံကအပြောင်းအလဲတွေလည်း အများကြီးဖြစ်လာပြီ၊ အခွင့်အလမ်းတွေလည်း ပေါ်လာပြီဆိုတော့ လာမယ့်နှစ်တွေမှာလည်း ဒီထက်ပိုပြီးတော့ အခွင့်အလမ်းကောင်းတွေ ပေါ်လာဦးမှာဖြစ်တာကြောင့် ခေတ်နဲ့အညီ သူများနည်းတူအောင်မြင်ချင်တယ်ဆိုရင်တော့ ဒါကိုတက်ကိုတက်ရမှာဖြစ်ပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း အဲလိုခံယူပြီးတက်နေတာပါ။

မေး။ ။ လက်ရှိ MBA အတွက် ကုန်ကျစရိတ်တွေအပေါ်အစ်ကို့အနေနဲ့ဘယ်လိုမြင်သလဲ။

ဖြေ။ ။ နိုင်ငံတကာမှာတော့ ပညာရေးကို ဈေးပေါတဲ့အရာလို့ မမြင်ကြဘူးဗျ၊ နိုင်ငံတကာမှာလည်း ပညာရေးအတွက်ကို အတော်လေးပြင်ဆင်ကြပါတယ်၊ အကောင်းဆုံးဆိုတဲ့ကျောင်းတွေတက်နိုင်ဖို့ ငွေကြေးတွေလည်း အတော်လေးသုံးစွဲကြပါတယ်။ ဘာလို့လဲဆိုတော့ ပညာရေးဆိုတာ ကျွန်တော်တို့ရဲ့အနာဂတ်ပဲဗျ။ ပညာရေးကိုရင်းနှီးမြှုပ်နှံမှပဲ ပညာတတ်တစ်ယောက် ဖြစ်လာမယ်၊ နိုင်ငံအတွက်လည်းအားထားရတဲ့ သူတွေဖြစ်လာမယ်၊ ကိုယ့်အတွက်လည်းအကျိုးရှိစွာအသုံးချနိုင်မှာဖြစ်ပါတယ်။ ပညာရေးဆိုတာ တစ်သက်လုံး ရင်းနှီးသုံးစွဲသွားရမယ့်အရာ ဖြစ်တာကြောင့် ဈေးကြီးကြီးပေးပြီးမယူသင့်တဲ့အရာမဟုတ်ဘူးလို့ မထင်ထားပါဘူး။ ဒါကြောင့် ကျွန်တော်အနေနဲ့ MBA ဟာ ဈေးကြီးတယ်လို့ မမြင်မိပါဘူး။ သူကပြန်ပေးနိုင်တဲ့ အရာတွေကလည်းကျွန်တော်တို့ဘဝအတွက် အများကြီး အထောက်အကူပြုနိုင်ပါတယ်။

မေး။ ။ အစ်ကို့အနေနဲ့ ဖြည့်စွက်ပြောချင်တာလေးပြောပေးပါဦး။

ဖြေ။ ။ ကျွန်တော်အနေနဲ့ ကျောင်းကို ကျေးဇူးတင်တယ်လို့ပဲပြောချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း Installment Plan နဲ့ တက်နေတဲ့ကျောင်းသားဖြစ်တာမို့ပါ။ ငွေကြေးသိန်းရာချီပေးရတဲ့သင်တန်းတစ်ခုကိုတစ်လုံးတစ်ခဲတည်း ပေးနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒါမျိုးအစီအစဉ်လေးတွေ ထားရှိပေးဖို့ကို ကျောင်းသားတွေကိုယ်စားပြောချင်ပါတယ်။ နောက်ပြီးလူငယ်တွေကိုလည်း အခုအခွင့်အရေးတွေတော့ လာနေပြီ၊ လူငယ်တွေ ဒီအခွင့်အရေးတွေကို ယူနိုင်နေပြီလားဆိုတာကိုလည်း ကိုယ့်ဘာသာ ဆန်းစစ်စေချင်ပါတယ်။ ကျွန်တော်တို့ ၁၀ တန်းအောင်တုန်းကဆိုရင် ဒီလိုနိုင်ငံတကာ ကျောင်းတွေလည်း မရှိသေးတော့ လက်ဖက်ရည်ဆိုင်ထိုင်တယ်၊ ဂိမ်းဆော့တယ်၊ ဒီလောက်နဲ့ပဲ အချိန်တွေကုန်ခဲ့တယ်ဆိုတော့ အခုအခြေအနေမှာတော့ နိုင်ငံတကာလုပ်ငန်းတွေဝင်လာပြီး သူတို့တွေရဲ့စနစ်တွေကို သယ်လာကြပြီဆိုတော့ အဲလုပ်ငန်းတွေမှာဝင်လုပ်မယ့်လူငယ်တွေအနေနဲ့ သူတို့စနစ်မှာ ဝင်လုပ်ဖို့ဆိုရင် ကိုယ်ကဘယ်လောက်အထိ ပြင်ဆင်ထားနိုင်သလဲ။ ကျောင်းပညာရေးပြီးသွားပေမယ့် ကိုယ့်ဘဝအတွက် ဘယ်ပညာတွေကို ဆက်ပြီးလေ့လာသွားမယ်ဆိုတာကို အလေးထားပြီး တွေးစေချင်ပါတယ်။ ကိုယ် ဘာဝါသနာပါသလဲ ဘာဖြစ်ချင်သလဲဆိုတဲ့အပေါ်မူတည်ပြီး ကိုယ်ဘာလုပ်မလဲဆိုတာ မေးစေချင်တယ်၊ ကိုယ့်ထက် အတွေ့အကြုံရှိသူတွေနဲ့လည်း တိုင်ပင်ပါလို့ ပြောချင်ပါတယ်။

June 2016 ICM Exam Results

Congratulations!

A နဲ့ အောင်မြင်ထားသော ကျောင်းသား/သူများကို ကျောင်းတွင် နှစ်သက်ရာဘာသာရပ်တစ်ခု အခမဲ့ တက်ရောက်ခွင့် ချီးမြှင့်မည်ဖြစ်ပါသည်။ **B** နဲ့ အောင်သော ကျောင်းသား/သူများလည်း ကျောင်းမှ အတန်းသစ်များ ထပ်မံတက်ရောက်ပါက သင်တန်းကြေး (၁) သိန်း ကင်းလွတ်ခွင့် ချီးမြှင့်ပါမည်။ **Grade C** နဲ့ အောင်မြင်သော ကျောင်းသား/ကျောင်းသူများကို (50000) ကျပ် Discount ခံစားခွင့် ချီးမြှင့်မည်ဖြစ်ပါသည်။

Distinction (A) ဖြင့်ထူးချွန်စွာအောင်မြင်ကြသူများ

Chaw Pa Pa Thein	Business Management & Administration
Ei Thinzar Maw	Business Management & Administration
Minn Minn Thet	Business Management & Administration
Zar Ni Zaw	Business Management & Administration
Myat Thiri Khaing	Financial Management
Nyi Lin	Financial Management
Su Myat Tun	Financial Management
Aye Myat Thu	Financial Management
Ei Mon Mon Theint	Financial Management
Hein Kywe Khine	Financial Management
Hla Aizali Soe	Financial Management
May Thwin Paing	Financial Management
Myat Mon Khine	Financial Management
Nan Myat Wutyi Soe	Financial Management
Nang Pwint Phyu Oo	Financial Management
Naw Aurora Htoo	Financial Management
Thet Hnin Khaing	Financial Management
Su Rati Htun	Marketing Management
Myo Thet Naing Win	Project Management
May Myat Mon	Project Management
Sandar Win	Project Management
Thant Su Htet	Quantitative Methods for Managers
Thet Htoo Aung	Quantitative Methods for Managers
Khaing Thazin Lwin	Quantitative Methods for Managers
Yee Yee Phyoe Aung	Sales & Sales Management
Zay Yar Kyaw	Sales & Sales Management
Khaing Thazin Lwin	Strategic Management

Credit (B) ဖြင့်ထူးချွန်စွာအောင်မြင်ကြသူများ

Pyae Win Zun	Business Management & Administration
May Thet Soe	Business Management & Administration
Aye Nandar Win	Business Management & Administration
Htet Sandi Moe	Business Management & Administration
Khin Yadanar Soe	Business Management & Administration
Wynn Thidar Kyaw	Business Management & Administration
Aung Myint	Business Management & Administration
Aye Khet Paing	Business Management & Administration
Ei Moh Moh	Business Management & Administration
Htoo Ingyin Aung	Business Management & Administration
Kaung Htet Hain	Business Management & Administration
Khin Kyae Hmone	Business Management & Administration
Khin Sandar Htwe	Business Management & Administration
Khin Sandy Oo	Business Management & Administration
Kyaw Zaw Hlaing	Business Management & Administration
